# ကြက်ခြေနီသတင်းလွှာ

သတင်းလွှာအမှတ်-၀၀၃၊ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ၁၃ရက်။




သင်တန်းများစုံစမ်းရန်ယခုလင့်ကိုနှိပ်ပါ

## ကျွန်ုပ်တို့၏ မျှော်မှန်းချက်

“ပြည်တွင်း၊ပြည်ပရှိအန္တရာယ်ကျရောက်လွယ်သူများအတွက် လူမှုကရုဏာအကူအညီများ ပေးနိုင်သည့် စွမ်းဆောင်ရည်ပြည့်ဝသောအမျိုးသားကြက်ခြေနီအသင်းဖြစ်လာစေရန်”

## ကြက်ခြေနီအခြေခံမူ ၇ ချက်

လူသားချင်းစာနာထောက်ထားခြင်း
ခွဲခြားမှုမရှိခြင်း
ကြားနေခြင်း
လွတ်လပ်ခြင်း
စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း
စည်းလုံးညီညွတ်ခြင်း
ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်း

### ကြားနေခြင်း

“စစ်ပွဲများ၌လည်းကောင်း၊
နိုင်ငံရေး၊ လူမျိုးရေး ၊ ဘာသာရေး
သို့မဟုတ် ဝါဒရေးရာ
အငြင်းပွားမှုများ၌ လည်းကောင်း
ဘက်လိုက်မှုမရှိဘဲကြားနေသည်။”

### လွတ်လပ်ခြင်း

“ကြက်ခြေနီသည် လူသားခြင်းစာနာ
ထောက်ထားမှုဆိုင်ရာ
လုပ်ငန်းများတွင် အစိုးရ၏
အရန်အင်အားသဖွယ်ဆောင်ရွက်ပြီး
နိုင်ငံ၏ ဥပဒေများကိုလေးစား
လိုက်နာလျက်မိမိ၏ လွတ်လပ်မှုကို
ထိန်းသိမ်းထားသည်။”



ကိုယ်တင်ပြင်ဆင်ခြင်း



တုံ့ပြန်ဆောင်ရွက်ခြင်း




ပြန်လည်ထူထောင်ခြင်း



## ကချင်ပြည်နယ်ဝန်ကြီးချုပ်အား အသင်းဥက္ကဋ္ဌဒေါက်တာမောင်မောင်မြင့် သွားရောက်တွေ့ဆုံ

ကချင်ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာခက်အောင်သည်၂၀၂၀ပြည့်နှစ်၊ သြဂုတ်လ ၃၁ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံးဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌဒေါက်တာမောင်မောင်မြင့်နှင့် အဖွဲ့ဝင်များအားလက်ခံတွေ့ဆုံပြီးအသင်း၏ရှေ့လုပ်ငန်းစဉ်များ၊နေရပ်စွန့်ခွာပြည်သူများအားလူမှုကရုဏာအကူအညီများပေးနိုင်ရေးကိစ္စရပ်များ၊ ဖော့ခါကျေးရွာတွင်ဖြစ်ပွားခဲ့သော မြေစာပုံပြိုကျမှုဖြစ်စဉ်ကြောင့် ထိခိုက်ခံစားခဲ့ရသူများအား ဆက်လက် ထောက်ပံ့နိုင်ရန်စီစဉ်ထားရှိမှုများနှင့် ပတ်သက်၍ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် အသင်းဥက္ကဋ္ဌက COVID-19 ရောဂါကာကွယ်ရေးအဖြစ် COVID-19 Package, Surgical Capနှင့် Gown၂၀၀ခု တို့ကို ပြည်နယ်ဝန်ကြီးချုပ်ထံပေးအပ်ခဲ့သည်။




COVID- 19 Package, Surgical Cap & Gown- ၂၀၀ ခု

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။

## Movement Coordination Meeting ကိုရန်ကုန်ရုံးခွဲတွင်ပြုလုပ်



မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မိတ်ဖက်အသင်းများဖြစ်သည့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများနှင့်ပြုလုပ်သည့် Movement Coordination Meeting ကိုရန်ကုန်ရုံးခွဲတွင်ပြုလုပ်ရာဒုဥက္ကဋ္ဌဒေါက်တာဒေါ်အမယာမော်နိုင်နှင့် အချိန်ပြည့်အလုပ်အမှုဆောင်များတက်ရောက်ခဲ့သည်။

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။

# ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ နိုင်ငံတစ်ဝန်း လှုပ်ရှားဆောင်ရွက်မှုများ




ကချင်ပြည်နယ်၊ ပူတာအိုမြို့ရှိမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် အသက်၉နှစ်အောက်ကလေးငယ်များအား သံချဆေးနှင့် ဗီတာမင်အေဆေးများ ဩဂုတ်၁၇ကတိုက်ကျွေးရာ ကြက်ခြေနီကပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။




ကယားပြည်နယ်၊ ဖားဆောင်းမြို့နှင့် ဘောလခဲမြို့နယ်များမှ ရေဘေးထိခိုက်ခံစားခဲ့ရသည့်ပြည်သူများအားမြန်မာနိုင်ငံကြက်ခြေနီအသင်းမှထောက်ပံ့သည့်အသုံးအဆောင်ပစ္စည်းများအား ဩဂုတ် ၂၄ ရက် ကထောက်ပံ့ခဲ့သည်။

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။





ထိုင်းနိုင်ငံ၌ အကြောင်းအမျိုးမျိုးကြောင့်ပြစ်ဒဏ်ကျခံရပြီးနောက်အသွားအလာကန့်သတ်စောင့်ကြည့်မှုခံယူပြီးခဲ့သည့် နိုင်ငံသားများအားအသုံးအဆောင်ပစ္စည်းများနှင့်ခရီးစရိတ်ထောက်ပံ့ခြင်းကိုဩဂုတ်လ ၂၉ရက်က ဆောင် ရွက်ခဲ့သည်။

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။




ချင်းပြည်နယ်၊ တီးတိန်မြို့ရှိ သတ္တမအသင်းတော်နှင့်အခြေခံပညာအထက်တန်းကျောင်းများသို့ COVID-19 ရောဂါကာကွယ်ရေးပစ္စည်းများကို ဩဂုတ်လ ၂၄ ရက် ကသွားရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။




ဧရာဝတီတိုင်းဒေသကြီး၊သာပေါင်းမြို့နယ်တွင် ကျန်း မာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်ချက်များကို အသိပေးလှုံ့ဆော်မှုများကို ဩဂုတ်လ ၂၄ ရက်က သက်ဆိုင်ရာအဖွဲ့များနှင့်ပူးပေါင်းလုပ်ဆောင်ရွက်ခဲ့သည်။

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။





ပဲခူးတိုင်းဒေသကြီး၊ကျောက်တံခါးမြို့နယ်နှင့် ပေါင်းတည်မြို့နယ်များရှိဈေးများ၊ကားဂိတ်များ၊လမ်းဆုံလမ်းခွများတွင် COVID-19 ရောဂါကာကွယ်ရေးလုပ်ငန်းများကိုဩဂုတ်လ ၂၉ရက်ကဆောင်ရွက်ခဲ့ကြသည်။

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။




မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင်မြို့ပြပင်စင်လာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်း(ငြိမ်း)များအား COVID-19 ကာကွယ်ရေးလုပ်ငန်းများကို ဩဂုတ် ၂၅ရက်ကဆောင်ရွက်ခဲ့သည်။

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။




မန္တလေးတိုင်းဒေသကြီးအမရပူမြို့နယ်၊ရွှေဂဲရေထိန်းတံခါးအနီးတာကျိုးမှုဖြစ်စဉ်ကြောင့်ထိခိုက်ခံစားခဲ့ရသည့်ကျေးရွာများအတွက် ရေဘေးတုံ့ပြန်ရေးညှိနှိုင်းအစည်းအဝေးပြုလုပ်ရာတိုင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများတက်ရောက်ခဲ့သည်။

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။




မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ သီရိမင်္ဂလာရပ်ကွက်အတွင်းရှိ နေအိမ်များမှ ရေစည်၊ ရေကန်၊ ရေလှောင်ကန်များအားအဘိတ်ဆေးခပ်ခြင်း၊ ဖုံးသွန်၊ လဲ၊စစ်ပြုလုပ်ခြင်းကို ဩဂုတ်လ ၁၅ရက်ပြုလုပ်ခဲ့ကြပါသည်။

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။



## ရခိုင်ပြည်နယ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းက COVID-19 ကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိ

ရခိုင်ပြည်နယ်တွင် COVID-19 ဒုတိယလှိုင်းကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏လမ်းညွှန်မှုဖြင့် ရခိုင်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီမှဌာနဆိုင်ရာအသီးသီးဖြင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူးဦးမြင့်ထွေးဦးဆောင်သောကြက်ခြေနီစေတနာလုပ်အားရှင်များသည် စစ်တွေမြို့တွင်းနှင့် ကျေးရွာများသို့သွားရောက်ကာ COVID-19 ရောဂါကာကွယ်ရေးအသိပညာပေးခြင်းများဆောင်ရွက်ခြင်း၊မောင်တောမြို့နယ်အတွင်းရှိကျေးရွာများတွင်အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်လိုက်နာရမည့် အချက်များအား သွားရောက်အသိပေးခြင်း၊ မြောက်ဦးမြို့နယ်၊ ပေါက်တောမြို့နယ်၊ မင်းပြားမြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ်များမှ ပြည်သူများအား နှာခေါင်းစည်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် COVID-19 ရောဂါအသိပေးခြင်းများကို လုပ်ဆောင်ခဲ့သည်။

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။

# ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ နိုင်ငံတစ်ဝန်း လှုပ်ရှားဆောင်ရွက်မှုများ




ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် လူမှုဝန်ထမ်းဦးစီးဌာနကဖွင့်လှစ်သောရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး(အခြေခံ)သင်တန်းတွင်ကြက်ခြေနီအကြောင်းသိကောင်းစရာကိုရှင်းလင်းပို့ချခဲ့သည်။

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။




ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ပေါ်ရှိ မြို့သစ်တိုက်ပွဲရှောင်စခန်းရှိ အိမ်ထောင်စု၃၃၂စုအား COVID-19 ကာကွယ်ရေးအသိပညာပေးခြင်းများ၊ စနစ်တကျလက်ဆေးနည်း၊ နှာခေါင်းစည်းစနစ်တကျတပ်ဆင်ခြင်းများကိုဩဂုတ်လ ၁၈ရက်ကပြုလုပ်ခဲ့သည်။

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။




စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်ရောက်ရှိလာရာ မိုးဇလမှ ထုတ်ပြန်ကြေညာချက်များကို ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာဩဂုတ်လ၁၈ရက်ကအသိပေးခဲ့သည်။

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။




ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊တာချီလိတ်မြို့နယ်၊ဓမ္မရိပ်သာတွင် ဖွင့်လှစ်ထားသော အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းရှိ နေရပ်ပြန်ပြည်သူများအား COVID-19 ကာကွယ်ရေးအသိပညာပေးခြင်းကိုဂုတ်လ၂၅ရက်ကဆောင်ရွက်ခဲ့သည်။

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။




ရှမ်းပြည်နယ်အစိုးရအဖွဲ့ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်ဦးဆောင်သော အစိုးရအဖွဲ့ဝင်များကCOVID-19 ကာကွယ်ရေးလုပ်ငန်းများတွင်အသုံးပြုရန်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ သိန်း၂၀ကျပ်ကိုဩဂုတ်၂၇ကလှူဒါန်းခဲ့သည်။

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။




ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ရှိမိုးကုတ်အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းရှိ နေရပ်ပြန်ပြည်သူများအတွက် COVID-19 ရောဂါကာကွယ်ရေးလုပ်ငန်းများကိုဩဂုတ်၂၅ကဆောင်ရွက်ခဲ့သည်။

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။





တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊မဇာကျေးရွာအုပ်စု၊ဝိုင်းတောင်ရွာတို့တွင် မြို့နယ်ကြက်ခြေနီအသင်းခွဲက COVID-19 ရောဂါကာကွယ်ရေးနှင့် မိုင်းအန္တရာယ်အသိပညာပေးခြင်းများကိုဩဂုတ်လ ၂၃က သွားရောက်ပြုလုပ်ခဲ့သည်။

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။




ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်ရှိဈေးမှတ်တိုင်နှင့် ဈေးရှေ့တို့တွင် ခရီးသွားပြည်သူများ၊ ခရီးသည်တင်ယာဉ်များ၊အငှားကားယာဉ်မောင်းနှင့် ခရီးသည်များအား ဩဂုတ်လ၃၀ရက်က နှာခေါင်းစည်းများအခမဲ့ဖြန့်ဝေပေးခဲ့ပါသည်။

သတင်း အပြည့်အစုံဖတ်ရန် ယခု Link ကို နှိပ်ပါ။




မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ AMRC၊ USAIDတို့ပူးပေါင်းပြီးမော်လမြိုင်မြို့ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးအတွက် အသိပညာပေးခြင်းများပြုလုပ်လျက်ရှိရာ "Better Mawlamyine - ဒို့ရွှေမြိုင်" Facebook page မှ တစ်ဆင့်ဖော်ပြပေးလျက်ရှိပါသည်။

Page အားကြည့်ရှုရန် ယခု Link ကိုနှိပ်ပါ။


အသင်းမှ ဆောင်ရွက်လျက်ရှိသည့်
လူမှုကရုဏာလုပ်ငန်းများ တွင် ပါဝင်လှူဒါန်းမည်ဆိုပါက -

**ဒေါ်မေစန္ဒာမျိုး**

ဌာနမှူး၊ အရင်းအမြစ်စုစည်းအသုံးချရေးဌာန။

ဖုန်း - ၀၉ ၄၂၀ ၁၆၉၅ ၈၉

https://www.facebook.com/info.mrcs/

https://twitter.com/MyanmarRedCross

**ဒေါ်စန်းစန်းမော်**

ညွှန်ကြားရေးမှူး

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာန

sansanmaw@redcross.org.mm

**ဒေါ်ရွှေစင်ကျော်စိုး**

ညွှန်ကြားရေးမှူး

လူမှုကရုဏာလုပ်ငန်းဆိုင်ရာပြန်ကြားဆက်သွယ်ရေးဌာန

shwesinkyawsoe@redcross.org.mm

မြန်မာနိုင်ငံကြက်ခြေနီအသင်း (ဌာနချုပ်)

ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊ နေပြည်တော်။

ဖုန်း +၉၅ ၆၇ ၃၄၁၉၀၄၁၊ ၃၄၁၉၀၄၆

https://www.redcross.org.mm

ရန်ကုန်ရုံးခွဲ

အမှတ် (၄၂)၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း + ၉၅ ၁ ၃၉၂၀၂၈၊ ၃၉၂၀၂၉၊ ၃၉၂၀၃၀


**ကျေးဇူးတင်ခြင်း**-မြန်မာနိုင်ငံကြက်ခြေနီအသင်း၏လှုပ်ရှားဆောင်ရွက်မှုများကိုမြို့နယ်ကြက်ခြေနီအသင်းခွဲများ၊အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုမိတ်ဖက်အသင်းများ၊ ဒေသတွင်း၊ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာမှ အလှူရှင်များသာမက၊ လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍရှိမိတ်ဖက်များ၊ တစ်သီးပုဂ္ဂလများ စသည်တို့မှပံ့ပိုးကူညီပေးခြင်းဖြစ်သည့်အတွက် အထူးကျေးဇူးတင်ရှိပါသည်။